## Covid 19 အရေးပေါ်ဆောင်ရွက်ချက်များတွင် ကျား/မရေးရာဂျန်ဒါထည့်သွင်းဆောင်ရွက်ရန်အချက်များ

Covi 19 ကူးစက်မြန်ကပ်ရောဂါကြောင့် အမျိုးသားနှင့်အမျိုးသမီးများအပေါ်ကျရောက်သည့် အကျိုးဆက်များထိခိုက်သည့် ပုံစံများမှာ မတူညီကြပါ။ ကြိုတင်ကာကွယ်ရေးတွင်သာမက ကုသစောင့်ရှောက်ရေးတွင်ပါ လိုအပ်ချက်မတူသည့်သူ များအတွက် (ကျား/မ၊ အသက်အရွယ်၊ ပညာရည်အဆင့်အတန်း၊ ရွှေ့ပြောင်းသွားလာမှုအခြေအနေ၊ HIV ပိုးဖြင့်နေထိုင်သူ) ထိထိရောက်ရောက် ပညာပေးဝန်ဆောင်မှုပေးနိုင်မည့် နည်းလမ်းများကို ထည့်သွင်းစဉ်းစားရန်နှင့် ပြင်ဆင်ရန် လိုအပ်ပါသည်။

### Covid 19 ကပ်ရောဂါ ကူးစက်ပျံ့ပွားလာချိန်တွင် အမျိုးသမီးများအဓိက တွေ့ကြုံရင်ဆိုင်ရနိုင်သည့် အန္တရာယ်များ

၁). ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အင်အားအများဆုံးပါဝင်ကြပါသည်။

ကျန်းမာရေးပညာရှင်များအဖြစ်နှင့်သော်လည်းကောင်း၊ ရပ်ရွာလူထု စေတနာ့ဝန်ထမ်းအဖြစ်နှင့်သော်လည်းကောင်း စသည့် အခန်းကဏ္ဍအသီးသီးမှ ပါဝင်ကြသည့်အတွက် ရောဂါကူးစက်နိုင်ချေ အလွန်များပါသည်။

၂). စီးပွါးရေးကျဆင်းလာသည့်ဒဏ်ကို အမျိုးသမီးများက ပိုခံစားကြရပါသည်။ အချိန်မရွေးအလုပ်လက်မဲ့ဖြစ်သွားနိုင်သည့် (စီးပွါးပျက်လွယ်သည့်) လုပ်ငန်းကဏ္ဍများတွင် အမျိုူးသမီးများအများဆုံး လုပ်ကိုင်နေကြပါသည်။ ဒေသတွင်း အသွားအလာနှင့် အိမ်ပြင်ထွက်ခြင်းကို ပိတ်ပင်လိုက်မည်ဆိုပါက အမျိုးသမီးများမှာ မိသားစု၏ အခြေခံ လိုအပ်ချက်များကိုမဖြည့်စည်းပေးနိုင်တော့သည့်အခြေအနေမျိုးဖြစ်လာနိုင်ပါသည်။အိမ်မှုကိစ္စတာဝန်များပိုလာစေပါသည်။

၃). ကပ်ရောဂါဆိုက်ရောက်နေသည့်ကာလတွင် အိမ်တွင်းအကြမ်းဖက်မှုများပိုမိုများပြားလာတတ်ပါသည်။ အိမ်ထောင်စုများသည် ပူပင်သောကဒဏ်ဖိစီးမှုဒဏ်များခံစားလာရပါက အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ ပိုမိုများပြားလာတတ်ပါသည်။

၄). ကျန်းမာရေးဝန်ဆောင်မှုများမနိုင်မနင်းဖြစ်လာသည့်အချိန်တွင် အမျိုးသမီးများအတွက်လိုအပ်သည့် ဝန်ဆောင်မှု များကို လျှော့ချတတ်ပါသည်။ ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီးစမိခင်များအတွက် စောင့်ရှောက်မှုများ၊ မွေးကင်းစကလေး စောင့်ရှောက်မှု၊ မျိုးဆက်ပွါးကျန်းမာရေးအတွက်ဝန်ဆောင်မှုများကို လျှော့ချပြီး အခြားအရေးပေါ်လိုအပ်နေသော ကျန်းမာရေး ဝန်ဆောင်မှုများကို ဦးစားပေးလိုက်တတ်ပါသည်။

ထို့ကြောင့် အရေးပေါ်ကာလအတွင်း စီမံခန့်ခွဲသည့်နေရာများ စဉ်းစားဆုံးဖြတ်ချက်ချသည့်နေရာများတွင် လိုအပ်ချက်များ မကျန်ခဲ့စေရန် အမျိုးသမီးများ ပါဝင်ရန်အလွန်အရေးကြီးပါသည်။

အမျိုးသားများသည် အာဟာရပြည့်ဝမှုနှင့် ကိုယ်ခံစွမ်းအား ပိုမိုကောင်းမွန်နိုင်သော်လည်း ကျန်းမာရေးနှင့်မညီ ညွတ်သော ဆေးလိပ်/အရက်သောက်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် အပျော်အပါးလိုက်ခြင်းစသည့် အပြု အမူများကြောင့် ရောဂါကူးစက်နိုင်ချေသည် အမျိုးသမီးများထက်ပိုများပါသည်။

**COVID-19 အရေးပေါ်ဆောင်ရွက်ချက်များတွင် အမျိုးသမီးများ ကျန်မနေခဲ့စေရန်အတွက် လုပ်ဆောင်ရမည့် အချက်များ**

၁) ကျား၊မ ခွဲခြားကောက်ယူထားသည့် အချက်အလက်များရှိအောင် လုပ်ရပါမည်။

၂) အရေးပေါ်အတွက် ပံ့ပိုးဆောင်ရွက်နေသည့်အဖွဲ့များတွင် ကျား၊မရေးရာနားလည်တတ်ကျွမ်းသူပညာရှင်များ ပါဝင် အောင်ဖွဲ့စည်းရပါမည်။

၃) အရေးပေါ်ဆောင်ရွက်မှုများတွင် ရှေ့တန်းကပါဝင်နေသည့် အမျိုးသမီးများကို ပံ့ပိုးကူညီရပါမည်။ ဥပမာ အမျိုးသမီးများအသုံးပြုရန်ပိုမိုအဆင်ပြေမည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ အမျိုးသမီးတစ်ကိုယ်ရည်သန့်ရှင်းရေးသုံး ပစ္စည်းများ၊ အိမ်မှုတာဝန်မဖြစ်မနေလုပ်နေရသည့် အမျိုးသမီးများအတွက် (အထူးသဖြင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ) အလုပ်အဆင်ပြေအောင် စီစဉ်ပေးခြင်း စသည်ဖြင့်

၄) အရေးပေါ်ကာလ ဆောင်ရွက်မှုများအတွက် ဆုံးဖြတ်ချက်ချသူများတွင် အမျိုးသမီးများ ပါဝင်စေရန်လုပ်ဆောင်ရပါမည်။

၅) ပြည်သူ့ကျန်းမာရေးလမ်းညွှန်ချက်များမှာလည်း အမျိုးသမီးများအတွက် ရည်ညွှန်းချက်များ ပါဝင်စေရန် လုပ်ဆောင်ရပါမည်။

၆) အမျိုးသမီးများ၏ စီးပွားရေးဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးရန်လိုအပ်ပါသည်။

၇) အမျိုးသမီးများနှင့် မိန်းကလေးများအတွက် မရှိမဖြစ်လိုအပ်သည့် ကျန်းမာရေးဝန်ဆောင်မှုများကို ကာကွယ်ထားရှိရပါမည်။

၈) ကျား၊မအခြေပြု အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအတွက် ဝန်ဆောင်မှု လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရပါမည်။

၉) အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုခြင်း (quarantine) ပြုလုပ်ရာတွင် (အထူးသဖြင့် ရပ်ရွာအပြင်ထုတ်၍စောင့်ကြည့်ခြင်းများတွင်) အမျိုးသမီးများလုံခြုံမှုရှိစေရန်စီစဉ်ရပါမည်။ ဥပမာ ယာယီအဆောက်အဦများတွင် တံခါး/ပြတင်းပေါက်တပ်ဆင်ပေးခြင်း၊ ရေချိုးရန်နေရာနှင့် ရေအိမ်အသုံးပြုရန်နေရာများကို လုံခြုံစွာကာရံထားပေးခြင်း စသည်ဖြင့်

| |
|---|
| အိမ်တွင်းအကြမ်းဖက်မှုဖြစ်လာခဲ့လျှင် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ<br>လူမှုဝန်ထမ်းဦးစီးဌာန Hotline **067-3404222 or 067-3404999** |


Reference:
https://www.unwomen.org/en/news/stories/2020/3/news-womens-needs-and-leadership-in-covid-19-response
https://www.unwomen.org/en/news/in-focus/in-focus-gender-equality-in-covid-19-response

https://www.unfpa.org/covid19?fbclid=IwAR1wzaL7edZS4rG0VyLsN183eKcQdQbHuIbpLakPOUxP6k0kcx9Iv-ElXZ0

https://www.thelancet.com/journals/lancet/article/PIIS0140-6736(20)30526-2/fulltext